စိတ်ကူးချိုချိုအနုပညာ



# သားငယ်သမီးငယ် စကားကြွယ်စေဖို့

မြိုးသာရ

ဒုတိယအကြိမ်

mgyoe.com

mgyoe.com

# သားငယ်သမီးငယ် စကားကြွယ်စေဖို့

မြိုးသာရ



ISBN 9789997113887
PTY12
9 789997 113887
1,200.00KS

mgyoe.com

mgyoe.com

သားငယ်သမီးငယ်စကားကြွယ်စေဖို့ ဖြိုးသာရ
မျက်နှာဖုံးပန်းချီ - ဝိုသံ
စာမျက်နှာ ၁၃၂ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊၈၅၊၁၆၄လမ်း၊တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊မစိုးရိမ်လမ်း၊ရန်ကင်း။
၂၀၁၈၊ နိုဝင်ဘာလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၀၁ စိတ်ကူးချိုချို၏ ပထမအကြိမ်မူ။

ရောင်းဈေး ၁၂၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

mgyoe.com

■■■■■■■■■■

# သားငယ်သမီးငယ် စကားကြွယ်စေဖို့

ဖြိုးသာရ

ဒုတိယအကြိမ် ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ

စဉ် အမည်

၁။ တီတီတာတာ ပြောရမယ်
၂။ စကားကြီး စကားကျယ်မပြောပါနဲ့
၃။ အာသွက်လျှာသွက်ရှိပါစေ
၄။ ထိထိမိမိပြောပါ
၅။ ကတုံးကတိုက် မလုပ်ပါနဲ့
၆။ ကတိစကားတည်ပါစေ
၇။ စည်းလွတ်ဘောင်လွတ် မပြောပါနဲ့
၈။ ယုတ္တိရှိရှိပြောပါ
၉။ မြှောက်ထိုးပင့်ကော် မလုပ်ပါနဲ့
၁၀။ စီကာပတ်ကုံး ပြောတတ်ပါစေ
၁၁။ အားမနာလျှာမကျိုး မပြောပါနဲ့
၁၂။ ကျေးဇူးစကားနှုတ်မှာထားပါ
၁၃။ နမိတ်မရှိ နမာမရှိမပြောပါနဲ့
၁၄။ စကားကြွယ်ပါစေ
၁၅။ စကားပြော မရှည်ပါနဲ့
၁၆။ စကားရောင်း စကားဝယ်မလုပ်လေနဲ့
၁၇။ ပြေပြေပြစ်ပြစ်ပြောဆိုပါ
၁၈။ အကျအန မကောက်ပါနဲ့
၁၉။ စကားတန်ဆာ ဆင်တတ်ပါစေ
၂၀။ အငြင်းမသန်ပါနဲ့

mgyoe.com

mgyoe.com

၂၁။ စကားကျွံရင်နှုတ်မရဘူးနော်
၂၂။ လောင်တတ်တဲ့အကျင့်ဆိုတာ မကောင်းပါ
၂၃။ ဟောင်လွန်းတဲ့ခွေး လူမလေးတဲ့နော်
၂၄။ သူတစ်ပါးကို မကဲ့ရဲ့ပါနဲ့
၂၅။ ဖြန့်ဖြေပြောတတ်ကြရမယ်
၂၆။ မခြိမ်းခြောက်ပါနဲ့
၂၇။ ရေငုံနှုတ်ပိတ်နေကြပါ
၂၈။ စောင်းမပြောပါနဲ့ တည့်တည့်ပြောပါ
၂၉။ ဝန်ခံဝန်ချတတ်ပါစေ
၃၀။ နှုတ်သီးကောင်းလျှာပါး မလုပ်ပါနဲ့
၁။ မေးပါများစကားရတဲ့
၂။ မကျိန်ဆဲကြပါနဲ့
၃၃။ ချေပတတ်သူဖြစ်ရမယ်
၃၄။ ကန့်လန့်တိုက်မပြောပါနဲ့
၃၅။ တိုင်ပင်ဆွေးနွေးကြရအောင်
၃၆။ အရှူးဘုံမြောက်မလုပ်ပါနဲ့
၃၇။ ကျီစားသန်ရန်ဖြစ်ရတယ်
၃၈။ နိုင်တန်စီးနင်းမပြောပါနဲ့
၃၉။ စကားဦးသန်းတတ်ပါစေ
၄၀။ စကားကို ကုန်အောင်မပြောပါနဲ့
၄၁။ စကားနည်းတော့ ရန်စဲတယ်
၄၂။ ဝါးတားတားမပြောနဲ့

mgyoe.com

၄၃။ လောကွတ်စကား ဆိုတတ်ပါစေ
mgyoe.com
၄၄။ ကြားစကားကို ချင့်ယုံပါ
၄၅။ ခလုတ်ထိမှ အမိတသတဲ့လား
၄၆။ ဘုတောတတ်တာ ဆင်ခြင်ပါ
၄၇။ မကြားဝံ့မနာသာ မပြောပါနဲ့
၄၈။ စကားပုံတွေနဲ့ နှိုင်းယှဉ်ပါ
၄၉။ စကားမရှုပ်ပါနဲ့
၅၀။ စကားထဲက ဇာတိပြတတ်တယ်နော်
၅၁။ စကားနာ မထိုးပါနဲ့လား
၅၂။ ဆုံးမစကားကို နာခံပါ
၅၃။ ကျီးအာသလို ဝိုင်းမအာပါနဲ့
၅၄။ တစ်ယူတန်တာမကောင်းပါ
၅၅။ ဩဇာမပေးပါနဲ့
၅၆။ စကားလွှဲတတ်တာကောင်းပါတယ်
၅၇။ ဆင်ခြေမပေးကြလေနဲ့
၅၈။ မောင်းထုတတ်သူ မဖြစ်စေနဲ့
၅၉။ လေးလေးနက်နက် ပြောကြပါ
၆၀။ ဆုတောင်း ပတ္ထနာပြုကြပါ
၆၁။ နိဂုံး၊ နှုတ်တစ်ရာစာတစ်လုံးတဲ့နော်
၆၂။ သိမှတ်ဖွယ်ရာ စကားကြီးဆယ်ခွန်း

mgyoe.com

mgyoe.com

သမီး
ချမ်းမြေ့သူ

သား
အေးချမ်းမိုး
ပြေငြိမ်းချမ်း

သမီး
ချမ်းစိမ့်စိမ့်ချမ်း

မှ
တစ်ဆင့်

သမီးငယ် သားငယ် များစွာသို့
ညွှန်းပါသည်။

mgyoe.com

mgyoe.com

# နိဒါန်း

ကလေးတို့ရေ . . .

လောကဟင်းလင်းပြင်ထဲကို ထွက်ခွာပျံသန်းတော့မယ့် ကလေးတို့အတွက် အန်တီ လက်ဆောင်လေးတစ်ခု ထပ်ပေး လိုက်ချင်တယ်။

အဲဒါကတော့ "စကားပြောတတ်ခြင်း" ပညာရပ်ပါပဲ၊ လူဖြစ်မှတော့ အရွယ်ရောက်မှတော့ စကားပြောတတ်တာပေါ့ရယ်လို့ စောဒကမတက်ကြလေနဲ့ ကလေးတို့ရေ . .

"စကား" ဆိုတာ ဘဝတည်ဆောက်မှု အပိုင်းကဏ္ဍမှာ အရေးပါသော အင်အားတစ်ရပ်ဖြစ်တယ်။ စကားတတ်တာနဲ့ စကားပြောတတ်တာ လုံးဝမတူဘူး၊ စကားပြောတတ်ဖို့ အရေး ကြီးတယ်။

ဒါကြောင့် အန်တီရဲ့ စကားလက်ဆောင်ကလေးတွေ ကို စာဖွဲ့ပြီး ကလေးတို့အတွက် လက်ကမ်းပေးလိုက်ပါတယ်။

အန်တီပြောလေ့ရှိတဲ့ စကားလိုပေါ့။

ယူတတ်ရင် ရမယ်နော်။

ချစ်သော

အန်တီ

ဖြိုးသာရ

mgyoe.com

# "တီတီတာတာ ပြောရမယ်"

ကလေးငယ်တို့ရဲ့ ချစ်စဖွယ် စကားပြောကြပုံကို တီတီတာတာ ပြောတယ်လို့ ဆိုလေ့ရှိတယ် ကလေးတို့ရေ "တာ" တယ်ဆိုတာ ချွဲနွဲ့ခြင်းရဲ့ အဓိပ္ပါယ်ဖြစ်တယ်။ အဲဒါကို တွတ်တီးတွတ်တာ ပြောတယ်လို့လည်း ဆိုတတ်ကြတယ်။

မိဘတွေကတော့ သားသမီးရဲ့ တီတီတာတာ စကားလေးတွေ အပေါ်မှာ သာယာပီတိ ဖြစ်တတ်ကြတာပေါ့နော်။ အဲဒီလို တီတီတာတာ ပြောတတ်တဲ့ ကလေးမျိုးကို ဘယ်သူမဆို ချစ်တတ်ကြတယ်လေ။

တချို့ကလေးတွေဆိုရင် စကားကိုတောင် ပီသအောင် မပြော နိုင်သေးတဲ့ လူမမယ်အရွယ်ကလေး ဖြစ်ပေမယ့် ချွဲနွဲ့ တီတာပြောပြီး လူကြီးမိဘတွေဆီက ချစ်ခင်ယုယမှုကို ရယူတတ်ကြတယ်။ မသင်ကြားရဘဲ သဘာဝအလျောက် တတ် မြောက်လာကြတဲ့ ပညာနော်။ ဘယ်လောက် အံ့သြစရာ ကောင်းသလဲ။

တချို့ ကလေးတွေကျတော့ လိုချင်တာကို ငိုယိုပြီး တောင်းဆို တတ်ကြတယ်။ ငိုရင်ရမှာပဲဆိုတဲ့ အသိကို လက်ကိုင်ထားတတ်ကြတယ်။ တချို့များ မြေပေါ်မှာ ခြေဆင်းပြီးတောင် ကောက်ပြတတ်ကြလေရဲ့၊ ကလေးတို့ စဉ်းစားကြည့်နော်။ တီတီတာတာ ချွဲနွဲ့ပြီးပူဆာခြင်းနဲ့ ငိုယိုစိတ်ကောက်ပြီး တောင်းခံ ခြင်းမှာ ဘယ်အပြုအမူက ပိုပြီးတင့်တယ်သလဲ။

mgyoe.com

mgyoe.com

ငိုသံဆိုတာ ကျက်သရေမင်္ဂလာ မရှိပါဘူးကွယ်။ ကြေကွဲဝမ်းနည်းလို့ ငိုကြွေးတယ်ဆိုတာကမှ သဘာဝကျပါတယ်။ ငိုပြီးတောင်းဆိုတယ်ဆိုတာ ကောင်းမွန်တဲ့ အကျင့်စရိုက် မဟုတ် ပါဘူး၊ ငိုယိုပြီးမှ ရနိုင်လာတဲ့ ပိုင်ဆိုင်မှုဆိုတာလည်း ဘယ်တန်ဖိုးရှိပါ့မလဲ၊ ကလေးတို့ မငိုကြနဲ့နော်။

မိမိလိုချင်တဲ့ဆန္ဒကို ပေးနိုင်သူက ချစ်လာအောင် စကားအရာ လိမ္မာစွာနဲ့ တီတီတာတာ တောင်းခံကြရမယ်။ အဲဒီ ပညာကို ကလေးအရွယ် ငယ်ငယ်ကတည်းက တတ်မြောက် ကျွမ်းကျင်တတ်ဖို့လိုတယ်။

လေ့ကျင့်ထားကြနော်။




mgyoe.com

# "စကားကြီးစကားကျယ် မပြောပါနဲ့"

တီတီတာတာ ပြောရမယ်ဆိုတာနဲ့ပဲ စကားကြီး စကားကျယ် သွားမပြောကြလေနဲ့ဦးနော်။ ကလေးဆိုတာ ကလေး နဲ့တန်တဲ့ စကားကိုပဲ ပြောရမယ်။ လူကြီးတွေ စကားပြောတဲ့ နေရာမှာလည်း ဝင်မပါရဘူး၊ ကလေးဖြစ်ပြီး လူကြီးဆန်ဆန် စကားလုံးအကြီးကြီးတွေ သွားပြောတဲ့အခါ ကြားရတဲ့သူက ချစ်ခင်လာဖို့ဝေးစွ၊ အမြင်ကတ်ခံရတတ်လေရဲ့။

ဒါကြောင့် အရွယ်နဲ့လိုက်ဖက်တဲ့ စကားကိုပဲ ပြောကြရမယ်နော်။ "ခွေးပါးစပ်က နတ်စကားထွက်" ဆိုတဲ့ စကားပုံကို ကလေးတို့ ကြားဖူးတယ် မဟုတ်လား၊ မိမိနဲ့ မသက်ဆိုင်တဲ့ အကြောင်းအရာကို ဝင်ပါဆွေးနွေးလို့ မရဘူး၊ တန်ရာတန်ရာပဲ ပြောပါ။ "ဒူးနေရာဒူး တော်နေရာတော်" ဆိုသလိုပေါ့ သတိ ထားကြရမယ်နော်။

တကယ် မဖြစ်နိုင်ဘဲ သူတစ်ပါးအထင်ကြီးလာအောင် လုပ်ကြံ မပြောကြရဘူး၊ စကားကို အကြီးအကျယ်ပြောပြီး လူကဘာမှ လုပ်မပြနိုင်ရင် ကိုယ့်စကားတွေဟာ ဘယ်တန်ဖိုးရှိပါ့မလဲ။ လောကမှာ တကယ်ထူးချွန် ထက်မြက် အောင်မြင်သူတွေဟာ စကားများများ မပြောတတ်ကြဘူး ကလေး တို့ရေ။

စကားကြီး စကားကျယ် ပြောတာကို လေလုံးကြီးတယ်၊

mgyoe.com

mgyoe.com

လေထွားတယ်လို့လည်း ဆိုတတ်ကြတယ်။ အနှင်တီ ပြောခဲ့ဖူးတယ်နော်။ မပြည့်တဲ့သူတွေဟာ သူတို့ရဲ့လိုအပ်ချက်တွေကို လေနဲ့ဖြည့်တတ်ကြတယ် ဆိုတာ ကလေးတို့ မမေ့ကြ လေနဲ့။ အဲဒီလို အကျင့်စရိုက်ကို ကလေးတို့ မမွေးမိကြစေနဲ့။ စကားအရာမှာ ဘယ်တော့မှ ပိုပြီးမပြောပါနဲ့ ကလေးတို့ရေ ကိုယ်နဲ့တန်သလောက်ကိုပဲ ပြောပါ။

ကိုယ့်ကို နေရာပေးချင်လာအောင် အရေးတယူရှိ လာအောင် ဆွဲဆောင်တဲ့နေရာမှာ စကားကိုတန်ရုံပြောပြီး အလုပ်များများ လုပ်ပြပါ။ တစ်ခုတော့ရှိတယ် ကလေးတို့ရေ၊ စကားကို လျှော့ပြောဖို့တော့ မလိုဘူးနော်။ လူတွေဟာ စကားကြီး စကားကျယ်ပြောတာကို အထင်မကြီးတတ်သလို စကားလုံးသေးသေး နဲ့ နှိမ့်ချပြောတာကိုလည်း အထင်သေးတတ်ကြတယ်။

ဒါကြောင့် အရှိကို အရှိအတိုင်းတော့ လူသိအောင် ပြောပြတတ်ကြရမယ်။ နားလည်တယ်နော်။




ဟောင်ဟောင်ညွှက်

mgyoe.com

mgyoe.com

# "အာသွက်လျှာသွက်ရှိပါစေ"

စကားပြောတဲ့နေရာမှာ သွက်လက်ချက်ချာဖို့လည်း လိုသေးတယ် ကလေးတို့ရေ။ အဲဒါကို အာသွက်လျှာသွက် ရှိတယ်လို့ ပြောကြတယ်။ အကြောင်းအရာတစ်ခုပေါ်မှာ ဒိုး ခနဲ ဒေါက်ခနဲ ချက်ချင်းတုံ့ပြန်ပြောတတ်ကြရမယ်။

"ခွေးအကြီး လှည်းနင်းသလို" တအီအီနဲ့ ပြန်မပြောတတ်ဘဲ သူတစ်ပါးပြောသမျှ ခံနေရတဲ့သူတွေဟာ လူညံ့တွေ ဖြစ်တယ်။ ဉာဏ်တုံးတယ်လို့ခေါ်တယ်။ ဉာဏ်ဆိုတာ သွေးရင် ထက်တတ်တဲ့ ဦးနှောက်ထဲက ဓါးတစ်လက်ဖြစ်တယ်ဆိုတာ ကလေးတို့ ဘယ်တော့မှ မမေ့လေနဲ့။

သံလျက်တောင်မှ မသွေးဘဲထားရင် သံချေးတတ် တတ်တယ်ဆိုတဲ့ ဆိုစကားရှိတယ်နော်။ ဉာဏ်ရည်ကို အစဉ်ထက်မြက်နေအောင် သွေးနေကြရမှာ ကလေးတို့တာဝန်ပဲ။ စာတွေမကျက်ရင် စာရပါ့မလား။ မစဉ်းစားရင် အတွေးဆိုတာ ရှိမလာဘူး။ အတွေးစိတ်ကူးရှိမှ မျှော်လင့်ရည်မှန်းချက်ဆိုတာ ဖြစ်လာတာ။ ရည်ရွယ်ချက်ရှိမှ ကြိုးစားလိုစိတ်ဆိုတာ ပေါ်လာတာ။ ကြိုးစားလိုစိတ်ရှိမှ လက်တွေ့အားထုတ်နိုင်တာ။ အားထုတ် ကြိုးပမ်းမှုလည်း အောင်မြင်မှုကို ရနိုင်တာ။

အဲဒီသဘောပဲ၊ စကားဆိုတာလည်း ပြောရဲဆိုရဲရှိဖို့ လိုတယ်။ နေရာတကာ ကိုယ်ပြောလိုက်ရင် မှားသွားလေမလား ဆိုတဲ့ တွန့်ဆုတ်မှုနဲ့ နှုတ်ပိတ်နေတဲ့အခါ အလိုလိုနေရင်း သူများနောက်ကို ရောက်သွားလိမ့်မယ်။

mgyoe.com

mgyoe.com

ကလေးတို့မှာ မွေးက တည်းက စကားပြောဖို့ ပါးစပ်ပါလာပြီးသားပဲ ပြောရမယ်၊ ပြောတတ်ဖို့ လေ့ကျင့်ရမယ်။ ပြောရဲရမယ်။ အပြောများရင်လည်း တောင်းပန်တတ်ရမယ်။ ဒါမှလည်း ဆင်ခြင်တတ်မယ်။

ဒီလိုပဲလေ ဘယ်နေရာမဆို စကတည်းက ကျွမ်းကျင် တယ်ဆိုတာ မရှိနိုင်ပါဘူး၊ လေ့ကျင့်သင်ယူကြရတာချည်းပါပဲ ကလေးတို့လည်း အသွက်လျှာသွက် ဖြစ်လာအောင် လေ့ကျင့် ကြရမှာပေါ့။ မခက်ပါဘူးကွယ် လွယ်ပါတယ်။




mgyoe.com

# "ထိထိမိမိပြောပါ"

စကားကို သွက်သွက်လက်လက် ပြောတတ်ရုံနဲ့ မပြီးသေးဘူးနော်။ ထိထိမိမိ ပြောတတ်ဖို့လည်း လိုသေးတယ်။ စကားဘော့ ပြောပါရဲ့၊ တောင်စဉ်ရေမရ လျှောက်ပြောနေလို့ ဘာမှအကျိုးမရှိဘူး။ ကိုယ်ပြော လိုက်တဲ့ ကားတစ်ခွန်းဟာ တန်ဖိုးရှိဖို့ လိုအပ်တယ်။

ချက်ကျကျ ပြောတတ်ရမယ် ကလေးတို့ရေ။ အဲဒီလို ပြာတတ်ဖို့အတွက် အချက်အလက် ခိုင်မာတိကျဖို့လိုတယ်။ တစ်ပါးသူက ပြန်ပြီးငြင်းချက်မထုတ်နိုင်အောင် ချည်နှောင်ပြော တတ်ဖို့လိုတယ်။ ဒီပညာကတော့ နည်းနည်းခက်တာပေါ့ ဦးနှောက် ကိုပါရောပြီး အသုံးပြုကြရမှာ ဖြစ်တယ်။

တချို့လူတွေဟာ ကိုယ်ကတော့ နားလည်တတ်ကျွမ်း ပြီးဖြစ်တယ်။ ဒါပေမယ့် ပြန်ပြောပြရှင်းပြတဲ့နေရာမှာ မသဲကွဲ ဘူး။ အများသဘောပေါက်အောင် မစွမ်းဆောင်နိုင်ကြဘူး၊ အဲဒါ ငယ်ငယ်ကတည်းက မလေ့ကျင့်ခဲ့ကြလို့ပါ။

ကလေးတို့မှာ အချိန်တွေ အများကြီးရှိတယ်။ ကြိုးစား လေ့ကျင့်ယူကြရမယ်။ ကွက်တိချိန်ကိုက် ပြောတတ်တဲ့သူဟာ လူတကာရဲ့ စိတ်ဝင်စားမှု၊ လေးစားမှုကို ခံရတတ်တယ်နော်။ သူမှာ ဘာတွေလိုနေသလဲ၊ သူဘာကို သိချင်တာလဲ၊ သူဘာများ နားမလည်တာလဲ ဆိုတာကို အရင် ကိုယ်က သိထားရမယ်။

ဒါမှလည်း ပစ်မှတ်ကို ထိထိမိမိရှိမယ်။ ကွင်းကွင်း ကွက်ကွက်

mgyoe.com

mgyoe.com

ပေါ်လွင်အောင် ရှင်းပြနိုင်မယ်။

တစ်ခုတော့ ဆင်ခြင်ကြရမယ်နော်။ တစ်ပါးသူကို လေ့လာတဲ့အခါ သူ့ရဲ့ချို့ယွင်းချက်နဲ့ ပျော့ကွက်တွေကို တွေ့လာရတတ်တယ်။ သူတစ်ပါးရဲ့ အားနည်းချက်အပေါ်မှာ ဘယ်တော့မှ ဖိနင်းမပြောပါနဲ့။ သူတစ်ပါးအနာပေါ်ကို တုတ်သွားမချပါနဲ့၊ တစ်ခါတလေ ကိုယ့်စကားကြောင့် သူ့မှာနာကျင်ခံစားသွား ရလောက်အောင် ထိရသွားတတ်တယ်။

နာကျည်းမှုကို မဖန်တီးမရယူချင်နဲ့၊ စွဲလမ်းနှစ်သက်မှု ကိုသာ ဆွဲဆောင်ပါ။




mgyoe.com

mgyoe.com

# "ကတုံးကတိုက်မလုပ်ပါနဲ့"

စကားပြောတဲ့နေရာမှာ ရှောင်ကြဉ်ရမယ့် အကျင့် တစ်မျိုးကတော့ ကတုံးကတိုက်လုပ်တတ်ခြင်းဖြစ်တယ် ကလေး တို့ရေ၊ အင်မတန် ဆိုးညှစ်တဲ့ အပြုအမူပေါ့။ အဲဒါကို တို့မိးရှူ့မိး လုပ်တယ်လို့လည်း ပြောလေ့ရှိကြတယ်။ ဂကယ်တော့ သွေးထိုးစကား ပြောတာပါပဲ၊ အတို့အထောင်လုပ်တယ် ဝိုပါ တော့။

လူတစ်ယောက်အပေါ်မှာ လူတစ်ယောက်က အထင် သေးသွားအောင်၊ ဒေါသထွက်လာအောင်၊ ရန်လိုလာအောင်၊ လေးစားမှု လျော့ပါးအောင်၊ လက်မခံချင်လာအောင် လှုံ့ဆော် ပြောကြားခြင်းကို ကတုံးကတိုက် လုပ်တယ်လို့ ဆိုကြတယ်။ ကုန်းချောတယ်ပေါ့ကွယ်။

ယုံလွယ်တတ်သူတွေဟာ ကတုံးကတိုက်စကားအပေါ် မှာ အတည်ယူပြီး ဆုံးဖြတ်ပစ်လိုက်တတ်ကြတယ်။ စဉ်းစားချင့် ချိန်တတ်သူတွေကတော့ လေ့လာသုံးသပ်ပြီးမှ ဆုံးဖြတ်တတ် ကြတယ်။ ပြန်စဉ်းစားကြည့်ရင် သူတစ်ပါးရဲ့ မကောင်းသတင်းကို ဖောက်သည်ချတယ့် ဆိုတာ ကောင်းတဲ့စရိုက်လုံးဝ မဟုတ်ဘူးနော်။ မနာလိုဝန်တိုတတ် သူတွေရဲ့ မိုက်မဲသော လုပ်ရပ်သာ ဖြစ်တယ်။

ဖေးဖေးမမ ပြောတတ်ဖို့ လိုတယ်ကလေးတို့ရေ။ စာရိတ္တ မကောင်းတဲ့ သူတစ်ယောက်အကြောင်း အသိပေးချင်တယ်ဆိုရင် "ဒီလူက

mgyoe.com

mgyoe.com

ကောင်းတာ မဟုတ်ဘူး" ဆိုတဲ့ အပြောမျိုးအစား "ဒီလူနဲ့အလုပ် လုပ်မယ် ဆိုရင် နည်းနည်းလောက် စုံစမ်းမေးမြန်းပြီးမှ လုပ်စေချင်တယ်" ဆိုတဲ့ အပြောမျိုးနဲ့ သတိပေးလိုက်ပါ။ လူတစ်ယောက်ရဲ့ အကျင့်စာရိတ္တဆိုတာ ပုပ်ရင် ပေါ်မှာပဲ၊ ဟုတ်ရင်ကျော်မှာပဲ၊ ကိုယ့်ကြောင့် တစ်ပါးသူ ဒုက္ခ ရောက်အောင် မလုပ်ကြရဘူးနော်။ သူ့စရိတ်နဲ့သူစားတာ အကောင်းဆုံးပဲ။

သူတစ်ပါးမကောင်းကြောင်း ပြောတတ်တဲ့ အလေ့အကျင့်ကို ငယ်ငယ်ကတည်းက ဖျောက်ပစ်ထားရမယ်နော်။ အဲဒီလိုပဲ ကိုယ့်ကိုယ်ကိုယ် ကိုယ်ရည်သွေးပြီး ပြောတတ်တဲ့ အကျင့်ကိုလည်း မမွေးမြူကြပါနဲ့။

လောကကြီးမှာ အမှန်တရားဆိုတာ သက်သေပြစရာ မလိုတဲ့ မှန်တစ်ချပ်နဲ့ အလားသဏ္ဍာန်တူပါတယ်။




mgyoe.com

mgyoe.com

# "ကတိစကားတည်ပါစေ"

"မင်းမှာသစ္စာ၊ လူမှာကတိ" ဆိုတာတော့ ကလေးတို့ ကြားဖူးကြမှာပေါ့နော်။ ကတိတည်တတ်ခြင်းဆိုတာ လူတစ် ယောက်အတွက် လိုအပ်တဲ့ အရည်အချင်းတစ်မျိုးဖြစ်တယ်။

စကားကို လွယ်လွယ်မပြောလေနဲ့ ကလေးတို့ရေ၊ အဲဒီလိုပဲ ကတိကိုလည်း လွယ်လွယ်မပေးကြလေနဲ့။ စကားကို လွယ်လွယ်ပြော ကတိကို လွယ်လွယ်ပေးတတ်တဲ့သူတွေဟာ ကိုယ့်စကား ကိုယ့်ကတိကို တည်ကြည်အောင် စောင့်ထိန်းဖို့ အားနည်းပျော့ညံ့တတ်ကြတယ်။

အလွယ်တကူ ပေးလိုက်တဲ့ ကတိစကားဆိုတာ တစ်ခါတစ်ရံ ပြောတဲ့သူကိုယ်တိုင်တောင်မှ မမှတ်မိဘဲ ဖြစ်တတ်တယ်။ ကိုယ့်စကား ကိုယ်တောင် သတိမရမှတော့ တည်အောင်စောင့်ထိန်းဖို့ ဘယ်ဖြစ်နိုင်ပါ့မလဲ၊ ဒါကြောင့် ကတိစကားကို ချင့်ချိန်စဉ်းစားပြီးမှ ပြောကြရမယ်။ ကတိပေးပြီးရင်လည်း သတိလေးပါ ထားကြရမယ်။

ကတိပျက်တတ်တဲ့သူကို လူတွေက အထင်သေးမှာ အမှန်ပဲ။ ပြီးတော့ ယုံကြည်မှုပါ ပျက်သွားတတ်တယ်။ လေးစား မှုလည်း မရှိတော့ဘူး၊ တချို့က "ပိုက်ဆံမရှိ ကတိမတည်" ဆိုပြီး ဆင်ခြေတစ်မျိုးပေးကြတယ်။ တော်တော်ဆိုးဝါးတဲ့ စရိုက်ပါပဲ။

ငွေမရှိတာနဲ့ပဲ ကတိပျက်ရသလားကွယ်၊ အဲဒါ ဘာကြောင့်လဲ၊ ကလေးတို့သိသလား၊ ကိုယ့်မှာမရှိဘဲနဲ့ လွယ်လွယ် ကတိပေးခဲ့ကြလို့ပဲ။

mgyoe.com

mgyoe.com


ဒါကြောင့် ဘယ်အရာမဆို ကိုယ်တကယ် မလုပ်နိုင်ဘဲ လုပ်ပေးမယ်လို့ အလွယ်တကူ အာမမခံကြဖို့ အန်တီ သတိပေးချင်တယ်။

"ဆိုခဲစေ မြဲစေ" ဆိုတဲ့စကားလိုပဲ။ ကတိဆိုတာကို အပေးမလွယ်ဖို့ ပေးမိရင်လည်း တည်မြဲဖို့ အလွန်သတိထားရမယ်။ ပြီးရင်ပြီးရော၊ ပြီးစလွယ်ပြောတတ်တဲ့ အကျင့်ကို ရှောင်ရမယ်နော်။ နောင်ခါလာ နောင်ခါရေးဆိုပြီး လွယ်လွယ်ကလေးနဲ့ ကတိမပေးမိစေနဲ့။




mgyoe.com

# "စည်းလွတ်ဘောင်လွတ် မပြောပါနဲ့"

"စည်းကမ်းဟူသည် လူ၏တန်ဖိုး" ဆိုတဲ့ ဆိုရိုးစကား ကိုတော့ ကလေးတို့ ကြားဖူးကြမှာပါနော်။ "စည်း" ဆိုတာ အပိုင်းအခြားဖြစ်ပြီး "ကမ်း" ဆိုတာကတော့ အနားသတ်ဖြစ်တယ်။ ဒါကြောင့် စည်းကမ်းရဲ့ အဓိပ္ပါယ်ဟာ ပိုင်းခြားသတ်မှတ်မှု ဖြစ်တယ်။

"ဘောင်" ဆိုတာကတော့ ကန့်သတ်မှုတစ်ခုပေါ့။ လူဖြစ်လာရင် စည်းကမ်းဆိုတဲ့ ဘောင်တစ်ခုအတွင်းမှာ နေထိုင် တတ်ရတယ်လေ။ အဲဒါကို လူ့စည်းကမ်းလို့ ခေါ်တာပေါ့။ အရွယ် အသက်နေရာဒေသ အလုပ်အကိုင်ကိုလိုက်ပြီး စည်းမျဉ်းဘောင် ဆိုတာရှိတယ် ကလေးတို့ရေ။

ကျောင်းမှာ ကျောင်းစည်းကမ်းရှိတယ်၊ အိမ်မှာ အိမ်စည်းကမ်းရှိတယ်၊ လမ်းမှာလမ်းစည်းကမ်းရှိတယ်၊ ရုံးမှာ ရုံးစည်း ကမ်းရှိတယ်၊ ဘယ်နေရာမဆို စည်းကမ်းသတ်မှတ်ချက်ဆိုတာ ရှိတယ်။

ကျောင်းသားမှာ ကျောင်းသားစည်းကမ်း ရှိတယ်။ အိမ်တွေမှာ အိမ်ရှင်စည်းကမ်း၊ ဧည့်သည်စည်းကမ်းရှိတယ်။ ကားသမားမှာ ယာဉ်မောင်းစည်းကမ်း ရှိတယ်။ ဝန်ထမ်းမှာ ဝန်ထမ်း စည်းကမ်းရှိတယ်။ ဘယ်သူမဆို စည်းကမ်းလိုက်နာတတ်ဖို့ လိုအပ်တယ်။ တကယ်တော့ စည်းကမ်းဆိုတာ ကျင့်ဝတ်ပါပဲ။ ဝတ္တရားပါပဲ၊ ဥပဒေပါပဲ။

ကလေးတို့ရေ ပါးစပ်မှာလည်း ပါးစပ်စည်းကမ်း ဆိုတာ ရှိတယ်နော်။

mgyoe.com

mgyoe.com

ပြောသင့်တဲ့စကား၊ မပြောသင့်တဲ့စကားဆိုတဲ့ လူမှုရေးကန့်သတ်ချက်တွေ ရှိတယ်။ ပြောချင်တိုင်း မပြောရဘူး၊ ပြောခွင့်ရှိတိုင်း မပြောရဘူး၊ "နှုတ်ကြောင့်ကြေ၊ လက်ကြောင့်သေ" ဆိုတာရှိတယ်။ မိမိနှုတ်က စည်းမစောင့်ဘဲ ပြောလိုက်မိလို့ ပြဿနာ အကြီးအကျယ်ဖြစ်ရတာမျိုးတွေ လောကမှာ အများကြီးရှိလေရဲ့။

မဆင်မခြင် မစဉ်းမစား ပြောလိုရာစွတ်ပြောတဲ့သူတွေ ကို စည်းလွတ်ဘောင်လွတ် ပြောတယ်လို့ သမုတ်ကြတယ်။ မကောင်းတဲ့ အကျင့်စရိုက်ဖြစ်တာမို့ ကလေးတို့ သတိထားပြီး ရှောင်ရှားကြရမယ်နော်။

လူတိုင်းနေရာတိုင်း စည်းကမ်းကို လိုက်နာစောင့်ထိန်း ဖို့လိုသလို ကလေးဟို့ရဲ့ နှုတ်ခမ်းလေးတွေလည်း စည်းစောင့်ဖို့လိုတယ်၊ သဘော ပေါက်ရဲ့လား။




mgyoe.com

# "ယုတ္တိရှိရှိပြောပါ"

စကားပြောတဲ့နေရာမှာ ယုတ္တိရှိရှိ ပြောတတ်ဖို့လည်း လိုတယ် ကလေးတို့ရေ။ တချို့လူတွေဟာ အခြေအမြစ်မရှိတဲ့ စကားကို ပြောတတ်ကြတယ်။ တချို့လူတွေကျတော့ စကားကို စကားဆိုတဲ့အတိုင်း ချဲ့ကားပြောတတ်ကြတယ်။ တစ်စိပ်ကို တစ်အိတ်လုပ်ပြီး ပြောကြတာမျိုးပေါ့ ...ချို့ကတော့လည်း အဓိပ္ပါယ်မဲ့တဲ့ ကောလဟာလတွေကို သတင်းလွှင့် ...တတ်ကြတယ်။

ကလေးတို့ရေ။

ဘယ်စကားကိုမဆို အဓိပ္ပါယ်ရှိမှ ပြောကြဖို့လိုပါတယ်ကွယ်၊ စကားတစ်ခွန်းမှာ ပြောရတဲ့ အကြောင်းရင်းဆိုတာ ရှိရတယ်။ အဲဒီဇစ်မြစ်ကလည်း ခိုင်မာရမယ်။ နားစွန်နားဖျားကြားပြီး တစ်ဆင့် ပြန်ဖောက်သည် မချကြလေနဲ့။ ကိုယ်တကယ်မြင်တွေ့ သိရှိပြီးမှ ပြန်ပြောပြရမယ်။ ဒါမှလည်း ကိုယ့်စကားက ယုတ္တိရှိမှာပဲ။

ပြီးတော့စကားကို ချဲ့ထွင်မပြောဖို့လည်းလိုတယ်။ တင်စားတာနဲ့ ချဲ့ကားတာ အဓိပ္ပါယ်မတူဘူးလေ ကလေးတို့ရေ။ အဲဒါကို ကောင်းကောင်း သဘောပေါက်ရမယ်။ တင်စားတယ်ဆိုတာ နိုင်းနှိုင်းတာဖြစ်တယ်။ အထူးပြု တာလည်း ဖြစ်တယ်။ ဥပမာ - မြို့ထဲမှာ မိုးတွေရွာလိုက်တာ သဲကြီးမဲကြီးပဲ ဆိုတာ မျိုးပေါ့ မြို့ထဲက လမ်းမတွေမှာ ရေတွေကို ဖွေးနေတာပဲ ဆိုတာမျိုးပေါ့။

ချဲ့ကားတဲ့စကားမျိုးကျတော့ ယုတ္တိမရှိတာတွေ ပါလာပြီလေ။

mgyoe.com

mgyoe.com

မြို့ထဲမှာ မိုးတွေရွာလို့ ကားတွေသွားလို့မရတော့ ဘူးဆိုတာမျိုး၊ မိုးသီးတွေကျလို့ ကားမှန်တွေတောင် ကွဲသတဲ့ ဆိုတာမျိုး၊ မိုးကြီးလွန်းလို့ ကျောင်းတွေပိတ်လိုက်တယ်တဲ့ ဆိုတာမျိုး။

ကိုယ်တိုင် မမြင်တွေ့ရဘဲ ရမ်းသမ်းပုံကြီးချဲ့ ပြောလိုက်တော့ စကားတွေဟာ ယုတ္တိမတန်တော့ဘူးလေ။ ဒါပေမယ့် အမြော်အမြင်နည်းတဲ့ လူတွေက ယုံတတ်ကြတယ်။ ကောလ ဟာလဆိုတာ အဲဒီက စတာပေါ့ကွယ်။ တချို့ကောလဟာလတွေများ လူတစ်ယောက်ရဲ့ဘဝကို စုတ်ပဲ့သွားတဲ့အထိ ပြင်းထန်သွားတတ်တယ်။ သတိထားပါ ကလေးတို့ရေ။

ယုတ္တိမရှိတဲ့ စကားကို ကိုယ်တိုင်မပြောမိဖို့ လိုသလိုပဲ၊ မယုံစားမိဖို့လည်း သိပ်လိုတယ်။ အရာရာကို ချင့်ချိန်စဉ်းစားပြီးမှ လက်ခံကြရမယ်နော်။ လေ့လာဆန်းစစ်ပြီးမှ ယုံကြရမယ်နော်။ ဟုတ်ပြီလား။




mgyoe.com

# "မြှောက်ထိုးပင့်ကော် မလုပ်ပါနဲ့"

စကားပြောတဲ့အခါ ဆင်ခြင်ရမယ့် အချက်တစ်ချက် ရှိသေးတယ်။ အဲဒါကတော့ မြှောက်ထိုးပင့်ကော် ပြောတတ်တဲ့ အကျင့်ပေါ့။ မြှောက်ပင့်ပေးတဲ့ သဘောကိုဆိုလိုတာဖြစ်တယ်။ မကောင်းတဲ့ ရှောင်ကြဉ်အပ်သော စရိုက်ပါပဲ။

တကယ့်ရင်ထဲက စေတနာပါလို့မဟုတ်တဲ့ ချောက်တွန်းတဲ့ သဘောချိုးပေါ့ကွယ်။ အဲဒါကို တချို့သောလူတွေက မရိပ်မိတတ်ကြဘဲ သူများမြှောက်ပေးသလို လိုက်လုပ်တတ်ကြတယ်။ လူစွမ်းကောင်း လုပ်ကြတာပေါ့ကွယ်။ သူများမပြောရဲတာ ရှေ့ကထွက်ပြောတာမျိုးပေါ့။ ခံစရာရှိတော့ ကိုယ်ပဲခံလိုက်ရတယ်လေ။

ကလေးတို့ ပတ်ဝန်းကျင်မှာလည်း အဲဒီလို သူငယ်ချင်း မိတ်ဆွေ အပေါင်းအသင်းတွေ ရှိနေလိမ့်မယ်။ ရန်မဖြစ်ဖြစ်ချင် လာအောင် မြှောက်ထိုးပင့်ကော် လုပ်တာမျိုးတွေ ရှိလာလိမ့်မယ်။ သတိထားဖို့ အရေးကြီးတယ်နော်။

သူများမြှောက်ပေးတိုင်း လိုက်မလုပ်ကြလေနဲ့၊ တကယ်တော့ "မြှောက်ပြောတယ်" ဆိုတဲ့ စကားကို ပြန်စဉ်းစားရင် မရိုးသားတာကို တွေ့ရလိမ့်မယ်။ ချီးမွမ်းတာနဲ့ ရောထွေးမသွားကြစေနဲ့။ လောကကြီးမှာ မြှောက်ပင့်ပြောပြီး ကပ်ရပ်စားသောက် အခွင့်အရေးယူနေကြတဲ့သူတွေ အများကြီးရှိတယ်။ လူဆိုတာ တော့ အမြှောက်ကြိုက်တတ်သူတွေချည်းပေါ့။ ဒါပေမယ့် မြှောက်တိုင်းမြှောက်မသွားရဘူး။ သိပ်သတိထားရမယ်။

mgyoe.com

mgyoe.com

အထူးသဖြင့် ယောက်ျားလေးတွေပေါ့ကွယ်။ "ဒီကောင်က မင်းကို၊ လိုက်ပြုံးနေတာ၊ မင်းက တော်ပြီသားကွ အကြောင်း သိအောင် ပြလိုက်စမ်းပါ" ဆိုတဲ့ စကားမျိုးကြောင့် မဆင်မခြင် လုပ်မိရာက ပြဿနာ အကြီးအကျယ် ဖြစ်ရတဲ့ကိစ္စတွေ အန်တီ မကြာခဏ ကြားနေရတယ်။ စိတ်မကောင်းလည်း ဖြစ်ရတယ်။

ကလေးတို့မှာ စဉ်းစားဆင်ခြင်တတ်တဲ့ အသိတရားဆိုတာ သိပ်ကို လိုအပ်နေတယ်။ အဲဒါ မိဘဆရာတွေရဲ့ ဆုံးမ သွန်သင်မှုကို ရမပြုမိကြလို့ပဲ ဖြစ်မယ်။ နောက်ပြီး စာဖတ်ကျင့် မရှိကြလို့လည်း ဖြစ်မယ်။ အဲဒီကွက်လပ်ကို အန်တီကတော့ တတ်စွမ်းသလောက် ဖြည့်ပေးနေမိတာပဲ။ ယူခွင့်ရကြပါစေ၊ ယူတတ်ကြပါစေလို့ ဆုတောင်းရတာပဲကွယ်။

ဆင်ခြင်တတ်တဲ့ ကလေးဖြစ်မယ်ဆိုရင် စကားတွေအပေါ် ရုပ်လုံးဖော်တတ်နိုင်မှာပဲ။ လူတွေဟာ သိပ်ကြောက်စရာ ကောင်းတဲ့ အတ္တသမားတွေပဲ ကလေးတို့ရေ။ ကိုယ့်အကျိုးရှိဖို့ သူတစ်ပါးကို မြှောက်ပင့်ပြောကြဖို့လည်း ဝန်မလေးတတ်ဘူး၊ သတိထားလွှန်းနိုင်မှ တော်ကာကျမယ်ကွယ်။




mgyoe.com

# "စီကာပတ်ကုံးပြောတတ်ပါစေ"

စကားပြောတဲ့နေရာမှာ စီကာပတ်ကုံး ပြောတတ်ဖို့ ဆိုတာလည်း အရေးကြီးတာပဲ ကလေးတို့ရေ။ လူတိုင်းဟာ ဉာဏ်ရည်အဆင့်ချင်း တူညီနေကြတာ မဟုတ်ဘူး။ တချို့လူတွေက "ချက်ဆိုရင် နားခွက်မီးတောက်" ဆိုသလို သဘောပေါက်လွယ်ကြတယ်။ အရိပ်ပြရင် အကောင်မြင်တတ်ကြတယ်။

တချို့လူတွေကျတော့ "ဘူးလုံးနားမထွင်း" ဆိုသလို နားလည်သွယ်ကြဘူး၊ နားမရှင်းတဲ့ သူမျိုးတွေပေါ့၊ သေသေချာချာ ဇာတ်စုံခင်းပြီး ပြောပြမှပဲ သဘောပေါက်တတ်ကြတယ်။

ဒီတော့ အကြောင်းကိစ္စတစ်ခုကို ရှင်းလင်းပြတဲ့နေရာ မှာ စီကာပတ်ကုံး ပြောတတ်ဖို့လိုတယ်။ စကားကို ပြီးစလွယ် ကျော်မချလိုက်နဲ့ ပလုံးပထွေး မပြောကြနဲ့ စကားမှာ အစရှိသလို အဆုံးဆိုတာလည်း ရှိဖို့လိုတယ်။ စကားချိုးမှာ စိတ်ဝင်စားစရာ ကောင်းရမယ်။ နိဂုံးချုပ်မှာလည်း အကျိုး ရှိသွားရမယ်။

တချို့လူတွေ သိပ်စကားပြောကောင်းကြတာ ကလေးတို့ တွေ့ဖူးကြမှာပါ။ သူတို့ပြောရင် ဘာအကြောင်းအရာပဲဖြစ်ဖြစ် နားထောင်လို့ ကောင်းနေတတ်တယ်။ လူတွေ စိတ်ဝင်စားမှု ရှိအောင်ပြောတတ်တဲ့ သူတွေပေါ့ကွယ်။ ကလေးတို့လည်း အဲဒီလိုဖြစ်အောင် ကြိုးစားကြည့်ကြစေချင်တယ်။

mgyoe.com

mgyoe.com

သူတို့ ဘာဖြစ်လို့ အဲဒီလို စီကာပတ်ကုံး ပြောတတ် ကြတယ်လို့ ကလေးတို့ ထင်သလဲ၊ စာဖတ်ကြလို့ပေါ့ကွယ်။ ဗဟုသုတကြွယ်ဝပြီး စာများများဖတ်သူတွေဟာ စကားအရာမှာလည်း ကျွမ်းကျွမ်းကျင်ကျင် ပြောတတ်ကြတယ်။ ဒါကြောင့် ကလေးတို့ကို စာဖတ်ကျင့်မွေးကြပါလို့ အန်တီ မကြာခဏ တိုက်တွန်းနေရတာပေါ့။

အန်တီက ချက်ကျကျ ထိထိမိမိပြောရမယ်လည်း ဆိုသေးတယ်၊ စီကာပတ်ကုံး ပြောတတ်ဖို့လည်း တိုက်တွန်းသေးတယ်လို့တော့ စောဒက မတက်ကြပါနဲ့ ကလေးတို့ရယ်။ အဲဒီနှစ်ခုကို ဆက်စပ်ယူကြပါ။ စီကာပတ်ကုံးတော့ ပြောပါရဲ့ ဘာမှ စွဲငြိမကျန်ခဲ့ရင် အလကားပါပဲ။ ထိထိမိမိတော့ ပြောလိုက်တာပဲ၊ ဘာရည်ရွယ်ချက်မှန်းမှ မသိရင်လည်း အလကားပါပဲ။ ဒါကြောင့် ဘယ်လိုစကားမျိုးကိုပဲဖြစ်ဖြစ် နားထောင်သူရဲ့ ဦးနှောက် ဉာဏ်ရည်နဲ့ ချင့်တွက်ပြီးမှ ပြောတတ်ဖို့ အရေးကြီးပါတယ်။




mgyoe.com

mgyoe.com



# "အားမနာလျှာမကျိုး မပြောပါနဲ့"

တချို့ကျတော့လည်း စကားပြောတဲ့နေရာမှာ အားမနာလျှာမကျိုး ပြောတတ်ကြပြန်တယ်။ တစ်ဖက်သားရဲ့ ခံစားချက် ကို ထည့်မတွက်တတ်ကြသူမျိုးတွေ ဆိုပါတော့ကွယ်။ "အားနာရင် ခါးပါတတ်တယ်" ဆိုတဲ့ အယူအဆကို လက်ကိုင်ထားတတ်ကြသူတွေပေါ့။

အားနာတတ်တယ်ဆိုတာ ကောင်းတဲ့အကျင့်စရိုက် ဖြစ်သလို ကောင်းတဲ့ ပျော့ညံ့မှုလည်း ဖြစ်ပါတယ် ကလေးတို့ရေ။ ဒါကြောင့် နေရာတိုင်းမှာတော့ အားနာနေဖို့ မလိုအပ်ပါဘူး၊ ဒါပေမယ့် စကားပြောတဲ့ နေရာမှာတော့ ဆင်ခြင်တတ်ဖို့လိုတယ်။

ငြင်းဆန်တဲ့နေရာမှာ ပရိယာယ်သုံးတတ်ကြရမယ်။ "အားတော့ နာပါတယ်ဗျာ တကယ့်ကို အဆင်မပြေလို့ပါ" ဆိုတာမျိုးနဲ့ တောင်းပန် တတ်ကြရမယ်။ "မရှိပါဘူးဗျာ၊ ကျွန်တော့်မှာမှ အဆင်မပြေရတဲ့အထဲ" ဆိုတဲ့စကားမျိုးက နားထောင်ရတဲ့သူအတွက် စိတ်ကွက်သွားစေတယ်။ တချို့ဆိုရင် သည့်ထက် နင့်နင့်သည်းသည်း ငြင်းပယ်တတ်ကြတယ်။ အားမနာ လျှာမကျိုး ပြောရက်လွန်းကြတယ်။

ဘယ်သူမဆို ကိုယ့်မှာတကယ် အခက်အခဲရှိလို့သာ အောက်ကျို့ အကူအညီတောင်းကြတာပါ။ မာနဆိုတာ လူတိုင်းမှာရှိပါတယ်။ ဒီတော့ ကိုယ်မကူညီနိုင်တာကို အားနာသမှုပြုပြီး ငြင်းပယ်ကြပါ။ ရေနစ်သူကို

mgyoe.com

mgyoe.com

ဝါးကူမထိုးကြပါနဲ့၊ မောက်မောက်မာမာ မဆက်ဆံကြပါနဲ့။

ရင့်ကျက်တဲ့သူတွေဟာ စကားအရာ လိမ္မာယဉ်ကျေး ကြတယ်။ တစ်ဖက်သားကို နစ်နာအောင် မပြောကြဘူး။ မာကြောကြောလေသံကို မသုံးကြဘူး။ မာထန်ထန် မဆိုတတ်ကြဘူး။ စကားပြော အင်မတန် ဆင်ခြင်တတ်ကြတယ်။

ကလေးတို့လည်း အဲဒီလိုဖြစ်အောင် လေ့ကျင့်ယူကြရမယ်။ သိမ်သိမ်မွေ့မွေ့ စကားပြောကြရမယ်။ "ဟုတ်ကဲ့၊ ခင်ဗျာ၊ ရှင်" ဆိုတဲ့ အသုံးအနှုန်းတွေ မေ့မနေနဲ့ ပြောကိုပြောတတ်ရ မယ်။ နှုတ်ကျိုးနေရမယ်။

စိတ်ထဲက မပါဘူးဆိုရင် လက်ကလည်း ပါစရာမလို ဘူး။ ဒါပေမယ့် လျှာကလေးကတော့ ညှိပေးတတ်ရမယ်လေ။ "အားနာလိုက်တာ" ဆိုတဲ့ စကားလေးက အင်မတန်တာသွားတယ် ကလေးတို့ရေ။ သုံးတတ်ဖို့လို တယ်နော်။




mgyoe.com

# "ကျေးဇူးစကားနှုတ်မှာထားပါ"

ပါးစပ်ဖျားမှာ အမြဲတမ်းရှိထားသင့်တဲ့ နောက်စကား တစ်မျိုးကတော့ "ကျေးဇူးတင်ပါတယ်" ဆိုတာပေါ့ကွယ်။ ယဉ်ကျေးမှုရဲ့ လက္ခဏာတစ်ခု ဖြစ်တာမို့ ကလေးတို့အတွက် လိုအပ်တဲ့ စကားအမျိုးအစားထဲမှာ ထည့်သွင်းထားရမယ်နော်။

ကျေးဇူးတင်ထိုက်သူကို ကျေးဇူးတင်ခြင်းဆိုတာ မင်္ဂလာတစ်ပါး ဖြစ်တယ်။ လောကမှာ လူ့ရယ်လို့ဖြစ်လာရင် ကျေးဇူးဆိုတာနဲ့ ဘယ်သူမှ ခကင်းနိုင်ဘူး။ ကျေးဇူးရှင်ဆိုတာ ရှိကြမှာချည်းပဲ။ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာဆိုတဲ့ အနန္တော အနန္တငါးပါးကစပြီး မိမိအတွက် အကျိုး တစ်စုံတစ်ရာရရှိအောင် ကူညီပေးမ ဆောင်ရွက်သူတွေဟာ မိမိရဲ့ကျေးဇူးရှင် တွေပါပဲ ကလေးတို့ရယ်။ ကျေးဇူးရှိသူကို ကျေးဇူးတင်ကြောင်းပြောဖို့ ဘယ်တော့မှ ဝန်မလေးကြနဲ့နော်။

တချို့လူတွေဟာ ကျေးဇူးတင်ရမှာကို အလွန်စိုးရွံ့ တတ်ကြတယ်။ ပြောရရင်တော့ တစ်ကိုယ်ကောင်းဆန်လွန်းသူ၊ မာနကြီးလွန်းသူ၊ ဘဝင်မြင့်လွန်းသူနဲ့ ရိုင်းပျသူတွေပေါ့ကွယ်။ တစ်ကိုယ်ကောင်းဆန်လွန်းသူနဲ့ ရိုင်းပျသူတွေဟာ သူတစ်ပါး ကျေးဇူးကို အသိအမှတ် မပြုတတ်သူတွေပေါ့ ကိုယ်ရရင် ပြီးရော ဆိုတဲ့ သဘောနဲ့၊ ကျေးဇူးစကား မဆိုကြသူတွေပေါ့။ မာနကြီးလွန်း သူနဲ့ ဘဝင်မြင့်လွန်းသူတွေကျတော့ သူတစ်ပါးကို ကျေးဇူးတင် ရမှာစိုးပြီး ဘယ်သူ့ကိုမှ အောက်မကျို့အကူအညီမတောင်းကြ သူတွေပဲ။

mgyoe.com

mgyoe.com

ကလေးတို့ရေ။ တကယ်တော့ ကျေးဇူးတင်ရမှာကို ကြောက်စရာ မလိုပါဘူးကွယ်။ အဲဒီလို ကြောက်တယ်ဆိုတဲ့ သူတွေဟာ ကျေးဇူးဆပ်ဖို့ ကြောက်ကြတာပါ။ သူ့ကငါ့ကို လုပ်ပေးထားတာ ငါကပြန်မလုပ်ပေးရင် မဖြစ်ပါဘူးဆိုတဲ့ အတွေးမျိုးနဲ့ပေါ့၊ ကလေးတို့ အတွေးမမှားကြစေနဲ့နော်။ ကျေးဇူး ဆပ်တယ်ဆိုတာ အကြွေးဆပ်တာ မဟုတ်ဘူး။ ဘယ်ကျေးဇူးရှင်ကမှ ကျေးဇူးကို အကြွေးမတောင်းဘူး၊ အဲဒါ မြဲမြဲမှတ်ထား ကြပါ။ ကျေးဇူးဆိုတာကို သိတတ်ရင် ကလေးတို့ လူလိမ္မာဖြစ် မှာပဲ။ မသိတတ်ဘဲ စော်ကားရင်သာ ကျေးဇူးစွပ်ပြီး ဒုက္ခတွေ့မှာပါ။

ဒါကြောင့် ကျေးဇူးကိုသိပါ။ ဆပ်နိုင်မှဆပ်ပါ၊ မစော်ကားပါနဲ့၊ ကလေးတို့ရဲ့ နှုတ်ခမ်းမှာ "ကျေးဇူးပဲနော်" "ကျေးဇူးပါပဲ" "ကျေးဇူးတင်လိုက်တာ" "အရမ်းကျေးဇူးတင်တာပဲ" ဆိုတဲ့ နှစ်လိုဖွယ် စကားလေးတွေနဲ့ အစဉ်အမြဲ ခြယ်သထားပါလို့ အနန်တီတိုက်တွန်းချင်ပါတယ်။




mgyoe.com